# တိုက်ပွဲဝင် အောင်မြင်ရေး မဟာဗျူဟာများ

"စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင်အောင်မြင်ရေးမဟာဗျူဟာများ"သည် စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးနယ်ပယ်အသီးသီးတွင် တာဝန်ယူထားကြသော ခေါင်းဆောင်များ၊ ခေါင်းဆောင်များအဖြစ် တက်လှမ်းလိုသူများအတွက် ခေါင်းဆောင်မှုလက်စွဲစာအုပ် ဖြစ်သည်။

ဤစာအုပ်ပါ စစ်ရေးဆိုင်ရာ အတွေ့အကြုံများကို စစ်ခေါင်းဆောင်ငယ်မှသည် ထိပ်တန်း ဗိုလ်ချုပ်ကြီးများအထိ လက်တွေ့စစ်ဆင်ရေးများတွင် အသုံးချနိုင်သလို၊ စီးပွားရေး လုပ်ငန်းရှင်များအတွက်လည်း အခြေအနေကောင်းများ ဖန်တီးနိုင်ရန် စစ်ဘက်ဆိုင်ရာ ဥပဒေသများနှင့် ချိန်ဆစွန့်စား လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ထိုနည်းတူ အုပ်ချုပ်ရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်များရှိ ခေါင်းဆောင်များအတွက်လည်း ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် လိုအပ်ချက်များကို သမိုင်းတွင် ဖြစ်တည်၊ တည်ရှိပြီးဖြစ်သော စစ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် ဥပမာပြယုဂ်များကို အခြေခံ၍ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

ဤစာအုပ်တွင် လူသားတို့၏ သမိုင်းမှ အဖြစ်အပျက် နမူနာပေါင်း မြောက်မြားစွာနှင့် ပုံဖော်ခြယ်မှုန်းပြသထားရာ နပိုလီယံမှ မာဂရက်သက်ချာအထိ၊ ဇူလူးဘုရင်မှ လော့ဒ်နယ်လ်ဆင်အထိ၊ ဟန်နီဘောလ်မှ ဂျော့ဒဗလျူဘုရှ်အထိနှင့် စက်မှုလုပ်ငန်းကြီးများတွင် ဦးစီးဦးဆောင် ပြုလုပ်နေသူများ၊ ဆာမူရိုင်းစားသမားများ၊ သံတမန်များအထိ ၎င်းတို့၏ ဉာဏ်ထက်မြက်မှုများ၊ မိုက်မဲမှုများ စသည်တို့ကို သုံးသပ်ဖော်ပြထားသည်။

လူ့ဘဝ၌ အောင်မြင်လိုသူတိုင်း လက်လွှတ်၍မရနိုင်သော ဤစာအုပ်တွင် မအောင်မြင်မှုနှင့် ရှုံးနိမ့်မှုပုံစံအမျိုးမျိုးတို့ကို ကျော်လွှားနိုင်ပြီး အမြဲတမ်း အသာစီးရနေစေမည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ လက်နက်အားလုံးကို စုံစေ့စွာ ဖော်ပြပေးထားသည်။

## ဤစာအုပ်နှင့်စပ်လျဉ်း၍

ဤစာအုပ်တွင် ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှုကြီးပေါင်းများစွာကို မွှေနှောက်ရှာဖွေ၍ ဒါဇင်ပေါင်းများစွာရှိသော နိုင်ငံရေးစာအုပ်များ၊ ဒဿနိကဆိုင်ရာ စာအုပ်များ၊ ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များနှင့် နှစ်ထောင်ပေါင်းများစွာ အတောအတွင်း ဖြစ်ပျက်ခဲ့သော ရက်စက်ကြမ်းကြုတ်လှသည့် ပဋိပက္ခပေါင်းများစွာတို့မှ မီးမောင်းထိုးပြသသည့် ဖြစ်ရပ်ပေါင်းများစွာတို့ကို ထုတ်နုတ်ပေါင်းစပ်၍ ဖော်ပြထားသည်။

ဤ "စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင် အောင်မြင်ရေး မဟာဗျူဟာများ" စာအုပ်သည် သင် နေ့စဉ်ကြုံတွေ့နေရသော နူးညံ့သိမ်မွေ့လှသည့် လူမှုရေးဘဝကို တီထွင်ဉာဏ်ကောင်းမွန်ပြီး ထိရောက်မှုရှိသော စစ်ဘက်ဆိုင်ရာ ဥပဒေသများနှင့် နှိုင်းယှဉ်ချိန်ထိုး၍ မီးမောင်းထိုးပြသထားသည့် စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် လူသားတို့၏ သမိုင်းမှ အဖြစ်အပျက် နမူနာပေါင်း မြောက်မြားစွာနှင့် ပုံဖော်ခြယ်မှုန်းပြသထားရာ နပိုလီယံမှ မာဂရက်သက်ချာအထိ၊ Shaka the Zulu မှ လော့ဒ်နယ်လ်ဆင်အထိ၊ ဟန်နီဘောလ်မှ Ulysses S.Grant အထိနှင့် စက်မှုလုပ်ငန်းကြီးများတွင် ဦးစီးဦးဆောင် ပြုလုပ်နေသူများ၊ ဆာမူရိုင်းစားသမားများ၊ သံတမန်များအထိ ၎င်းတို့၏ ဉာဏ်ထက်မြက်မှုများ၊ မိုက်မဲမှုများ စသည်တို့ကို သုံးသပ်ဖော်ပြထားသည်။ ဤစာအုပ်ပါ အခန်းပေါင်း ၃၃ ခန်း၏ တစ်ခန်းစီတွင် နေ့စဉ်ဘဝ၌ ကြုံတွေ့နေကြရသည့် ဘဝတိုက်ပွဲများတွင် အောင်မြင်မှုရရှိရန် အကူအညီပေးကြမည့် မဟာဗျူဟာတစ်ခုစီကို ပုံကြမ်းလောင်း၍ ဖော်ပြပေးထားသည်။

သင့်အနေဖြင့် လက်ဦးမှုကို ရယူထိန်းသိမ်းထားရန်နှင့် အားသာသောအနေအထားမှ စေ့စပ် ဆွေးနွေး ညှိနှိုင်းရာ၌ အသုံးပြုရန်လိုအပ်မည့် ထိုးစစ်ဆင်မှုဆိုင်ရာ မဟာဗျူဟာများ၊ သင့်အနေနှင့် အန္တရာယ်ရှိသော အနေအထားများကို တုံ့ပြန်ရန်နှင့် အနိုင်ရဖွယ်မရှိသော တိုက်ပွဲများကို ရှောင်ရှားရာ၌ အသုံးပြုရန် လိုအပ်မည်ဖြစ်သော ခံစစ်ဆိုင်ရာ မဟာဗျူဟာများကို လေ့လာထားသင့်သည်။

ထို့အပြင် အလစ်အငိုက်ဖမ်းနိုင်မှု၏ အရေးပါပုံနှင့် သင့်အား သမားရိုးကျမဟုတ်သည်သာမက တောင်းပန်၍ပင် မရနိုင်လောက်အောင် ညစ်ပတ်ဆိုးရွားလှသည့် မဟာဗျူဟာများကို အသုံးပြု တိုက်ခိုက်လာမှုမှ ခုခံကာကွယ်သည့် နည်းလမ်းများကိုလည်း သိထားရန် လိုအပ်ပေသည်။

စစ်တလင်းများ၌ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်နေကြသော စစ်သည်တော်များသာမက ဧည့်ခန်းများ၊ ဧည့်ခံပွဲများ၊ ဘုတ်အဖွဲ့အစည်းအဝေးခန်းများ စသည်တို့၌ ယဉ်ယဉ်ကျေးကျေး တိုက်ခိုက်နေကြသူများသည် ဆင်ခြင်မြော်တွေးမှု၊ ပေါ့ပါးဖျတ်လတ်မှု၊ တည်ငြိမ်မှုနှင့် ဟန်ချက်ညီမှုတို့ကို ပြသရလေ့ရှိပြီး စဉ်းစားချင့်ချိန်နိုင်စွမ်းရှိသူ၊ ကြံ့ရည်ဖန်ရည်ရှိသူ၊ ပင်ကိုဗီဇစိတ်ဖြင့် အလိုလိုသိသူတို့က ထိတ်လန့်တုန်လှုပ်ပြီး တီထွင်မှုမရှိသူ၊ မိုက်မဲတွေဝေသူတို့ကို အမြဲတမ်း အနိုင်ယူလေ့ရှိကြသည်။

လူ့ဘဝ၌ အောင်မြင်လိုသူတိုင်း လက်လွှတ်၍မရနိုင်သော ဤစာအုပ်တွင် မအောင်မြင်မှုနှင့် ရှုံးနိမ့်မှု ပုံစံအမျိုးမျိုးတို့ကို ကျော်လွှားနိုင်ပြီး အမြဲတမ်း အသာစီးရနေစေမည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ လက်နက်အားလုံးကို စုံစေ့စွာ ဖော်ပြပေးထားသည်။